# နွေဦးအသံ

the voice of spring

1.7.2021 · Thursday · No . 69 · Daily News Pamphlet


ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့၏ ယာယီ ခေါင်းဆောင်အဖြစ်မှ ဗိုလ်ချုပ်ကြီးယွက်စစ် နုတ်ထွက်စာတင်

သတင်းတို — ရင်းမြစ် – ဧရာဝတီ မှ

ကုလသမဂ္ဂ၏တရားဝင် Website တွင် NUG ကို မြန်မာနိုင်ငံ၏တရားဝင်အစိုးရအဖြစ်ဖော်ပြထားဟုသိရ

သတင်းတို — ရင်းမြစ် – **un.org** မှ

တတိယအကြိမ်ပြည်ထောင်စုလွှတ်တော်၊ ဒုတိယအကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး **CRPH, NUG, NUCC** တို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လွှတ်တော်သို့လာရောက်တင်ပြဆွေးနွေးနိုင်ခြင်းသည် အချုပ်အခြာအာဏာ၏မူလပိုင်ရှင်ဖြစ်သော ပြည်သူများ၏အခန်းကဏ္ဍကိုချိုးနှိမ်မရခြင်းဟု နာယကကြီးမှပြောကြား

သတင်းတို — ရင်းမြစ် – **NUG** မှ

## နေ့စဉ်မပြတ် ပြောက်ကျားသပိတ်စစ်ကြောင်းများကို ပိုမိုအားကောင်းစွာ နိုင်ငံအနှံ့ ပြုလုပ်ခဲ့ကြ




ဇွန်လ(၃၀)ရက်၊ မြိုင်မြို့နယ်ဒေသခံပြည်သူများ၏သပိတ်စစ်ကြောင်းကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ - **CJ** )

မတရားဖမ်းဆီးခံရသူ (၆၀၀၀)ကျော် အနက်(၇၀၀)ကျော်ကိုပြန်လွှတ်ပေးခဲ့

သတင်းတို — ရင်းမြစ် – **RFA** မှ

ဖလန်းနှင့် ဟားခါး၌ **CNDF, CDF** တို့နှင့် တိုက်ပွဲပြင်းထန်ဖြစ်ပွားခဲ့ပြီး စစ်အုပ်စုဘက်မှ(၃၀)ခန့် သေဆုံး

သတင်းတို — ရင်းမြစ် – **RFA** မှ

မြန်မာနောင်းသတင်းဌာနမှ မကေဇွန် နွေး အပါအဝင် သတင်းထောက်(၅) ဦး လွှတ်မြောက်သူများတွင် ပါဝင်ခဲ့

သတင်းတို — ရင်းမြစ် – **BAP** မှ

တရားမဝင်စစ်အုပ်စုမှ လုပ်ငန်းရှင်များသို့ ပြုလုပ်ပေးသည့် သယံဇာတများ တူးဖော်ထုတ်လုပ်ရောင်းချခြင်းဆိုင်ရာ ခွင့်ပြုမိန့်နှင့်လိုင်စင်များကို အာမခံချက်ပေးမည် မဟုတ်ဘဲ ပူးပေါင်းပါဝင်သည့် လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများကို အရေးယူသွားမည်ဟု **NUG** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတိပေးထုတ်ပြန်ခဲ့

သတင်းတို — ရင်းမြစ် – **PVTV** မှ

ကရင်၊ကယားချင်းနှင့် ရှမ်းပြည်နယ်ရှိ စစ်ဘေးရှောင်များနှင့် တိုင်းဒေသအသီးသီးရှိ ပြည်သူများကို ငွေကြေး၊ စားနပ်ရိက္ခာ၊ ဆေးဝါး၊ အသုံးအဆောင်များ စုစုပေါင်း သိန်း(၁၄၀၀)ကျော်ခန့် **NUG** လူသားစာနာဝန်ကြီးဌာနမှပေးပို့ထောက်ပံ့ခဲ့

သတင်းတို — ရင်းမြစ် – **NUG** မှ

မတရားဖမ်းဆီးခံရသူအချို့ကို ပြန်လွှတ်ပေး၍ နိုင်ငံတကာမှ အသိအမှတ်ပြုရေးကို အကြမ်းဖက်စစ်အုပ်စုက ကြိုးပမ်းနေခြင်းဖြစ်ဟု **AAPP** မှတ်ချက်ပြု

သတင်းတို — ရင်းမြစ် – **RFA** မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

**ဖေဖော်ဝါရီ(၁)ရက်မှ ဇွန်(၂၉)ရက်အထိ**

ကျဆုံးသူဦးရေ - ၈၈၃ ဦး

အဖမ်းဆီးခံရသူဦးရေ- ၆၄၂၁ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၈၈ ဦး

ရင်းမြစ် – အေအေပီပီမှ

1.7.2021 · Thursday · No . 69 · Daily News Pamphlet

# သတင်းမှတ်စု

ဇွန်လ(၃၀)ရက်၊ ၂၀၂၁

- CDM ပြုလုပ်နေသည့် အမေရိကန်နှင့် ဆွစ်ဇာလန်ရှိ မြန်မာသံတမန်(၁၁)ဦးက စစ်အာဏာ သိမ်းမှုဆန့်ကျင်ရေး မြန်မာသံအရာရှိ တပ်ဦးကို ဖွဲ့စည်းခဲ့ဟုသိရ။
- စစ်အုပ်စုက ဖမ်းဆီးထားသူများကို အမှုရုပ်သိမ်း၍ ပြန်လွှတ်ပေးရာတွင် CDM ဝန်ထမ်းများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးဟောင်းများနှင့် NLD ပါတီဝင်များကို ချန်လှပ်၍ ကျန်လွှတ်သင့်သူများကိုသာ ပြန်လွှတ်ရန် ဇွန်(၂၈) ရက်နေ့စွဲဖြင့် ညွှန်ကြားခဲ့ဟုသိရ။
- စစ်အုပ်စုက ရုရှားထုတ် Spunik ကာကွယ်ဆေး ကိုးသန်းဝယ်ယူမည်ဖြစ်ပြီး တရုတ်နိုင်ငံနှင့် ကိုဗစ်ကာကွယ်ဆေးကိစ္စ ညှိနှိုင်းမှုများ ပြုလုပ်နေဟု စစ်ကျွန်ကျန်းမာရေးဌာနမှ ဗဟို ကူးစက်ရောဂါတိုက်ဖျက်ရေးညွှန်မှူး ဒေါက်တာခင်ခင်ကြီးက လူမှုကွန်ရက်တွင် ရေးသားခဲ့ဟုသိရ။
- ဒေါ်လာဘီလျံများစွာ တန်ဖိုးရှိသည့် မြန်မာ့ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းမှ အကျိုးအမြတ်များမှာစစ်တပ်ရန်ပုံငွေဖြစ်နေသဖြင့် မြန်မာ့ကျောက်စိမ်းဝယ်ယူခြင်းကို သပိတ်မှောက်ရန် Global Witness အဖွဲ့မှ အစီရင်ခံစာ ထုတ်ပြန်၍ တိုက်တွန်းခဲ့။
- စစ်အုပ်စုက ၅၀၅(က)နှင့် စွဲဆိုထားသည့် အမှုရုပ်သိမ်းပေးခံရသည့် အနုပညာရှင်များမှာ ဝါဆိုမိုးဦး၊ ကျော်ကျော်နန္ဒ၊ ဟန်နေတာ၊



သက်မွန်မြင့်၊ G Fatt၊ Kelvin Kate၊ မယ်ရီ၊ နော်ဖောအယ်ထား၊ ခါရာ၊ စူးရှနိုင်၊ ချစ်သုဝေ၊ J Fire ၊ သီဟထွန်း၊ မအေးသောင်း၊ အေးမြတ်သူ၊ ညီနန္ဒ၊ မထက်(မိတ်ကပ်)၊ မေဦးမောင်၊ ချြူးပန်းနွယ်၊ သားငယ်၊ အောင်ထက်၊ နန်းသူဇာ၊ သွင်ပပအောင်၊ သဇင်နွယ်ဝင်းတို့ ဖြစ်ဟုသိရ။
- NUG အစိုးရ ပညာ/ကျန်းမာဝန်ကြီး ဖြစ်သူ ဒေါက်တာဇော်ဝေစိုးက D-Day ရောက်တော့မည်ဖြစ်ကြောင်း ပြောကြားမှု အပေါ် CDM ပြုလုပ်နေသည့် Nyi Thuta Facebook အကောင့်ခ်ပိုင်ရှင် စစ်ဗိုလ်တဦးက ဝေဖန်ပြစ်တင်ရှုတ်ချ ပြောဆိုနေသဖြင့် ဆက်လက်ပြုလုပ်ပါက ဒလန်အဖြစ် စာရင်းသွင်းကာ လက်တုံ့ပြန်သွားမည်ဟု ပြည်သူ့ကာကွယ်ရေးတပ်မတော်(ရန်ကုန်)က သတိ



ပေးစာ ထုတ်ပြန်ခဲ့ဟုသိရ။
- ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမကြီးရှိ အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ နေ့လယ်(၃)နာရီက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဆိုက်ကားနင်းသူတဦးနှင့် အခြားသူတဦး ထိခိုက်ဒဏ်ရာရရှိခဲ့ဟုသိရ။
- အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းမှ စစ်အုပ်စု သတင်းပေးဖြစ်သူ အသက်(၅၀)အရွယ်ရှိ ဦးမောင်မောင်ဆိုသူမှာ နံနက်(၈)နာရီကျော်ခန့်က အင်းစိန်မြို့နယ်၊ သရက်ခြံ(၃)လမ်း၌သေနတ်နှင့်အပစ်ခံရပြီးသေဆုံးခဲ့ဟုသိရ။
- မြင်းခြံမြို့နယ် (၁၇)ရပ်ကွက်ရှိ စစ်ကျွန်အုပ်ချုပ်ရေးမှူးနှင့် စစ်မှုထမ်းဟောင်းတဦးဖြစ်သူ ဦးကျော်ဝင်းမှာ အမှတ်(၁၈)ရပ်ကွက်၌ ဇွန်(၂၉)ရက်၊ ည(၈:၄၀)ခန့်က အမည်မသိသူများက သေနတ်နှင့် ပစ်ခတ်သဖြင့် ဒဏ်ရာရရှိခဲ့ဟုသိရ။
- ပေါင်းတည်မြို့နယ်၊ ကြို့ကုန်းကျေးရွာအုပ်စု စစ်ကျွန်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်မှာ ဇနီးနှင့်အတူ ဆိုင်ကယ် စီးနင်းလာစဉ် အဂ္ဂရာပြည့်ကျေးရွာအနီး၌ ပဲခူးပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့-BDF မှ ဦးခေါင်းကို သေနတ်နှင့် ပစ်ခတ်သဖြင့် သေဆုံးခဲ့ပြီး ဇနီးမှာ လွတ်မြောက်ခဲ့ဟုသိရ။
- ယင်းမာပင်မြို့နယ်၊ သီးကုန်းကျေးရွာမှ စစ်အုပ်စုသတင်းပေး ကိုမြင့်လှိုင်နှင့် ကိုငမင်းတို့ကို မုံရွာ-ကလေး လမ်းမကြီး(၂၆)မိုင်၌ သေဆုံးလျက်တွေ့ရှိခဲ့ဟုသိရ။
- တန့်ဆည်မြို့နယ်၊ ကန်လေးကုန်းကျေးရွာမှ စစ်အုပ်စုသတင်းပေး ဒေါ်မေဇင်ဦးမှာ ဇွန်(၂၉)ရက်၊ ညနေပိုင်းက တိုက်ခိုက်ခံခဲ့ရပြီး သေဆုံးခဲ့ဟုသိရ။
- ရန်ကုန်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်နှင့် မင်္ဂလာတောင်ညွှန့်လူငယ်စုပေါင်းသပိတ်။ မန္တလေး၊ မန်းလေးလူငယ်သပိတ် စစ်ကြောင်း၊ အောင်မြေသာစံပညာရေးကျောင်းပေါင်းစုံစုပေါင်းသပိတ်စစ်ကြောင်း၊ ချမ်းမြသာစည်သပိတ်စစ်ကြောင်း၊ သံဃသမဂ္ဂ။ မိုးကုတ်။ ဘုတလင်မြို့။ မတ္တရာမြို့။ မုံရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်၊ လက်ပံတောင်းတောင် ကျေးရွာများ။ ကလေးမြို့။ တန့်ဆည်။ မြိုင်။ ရေဖြူ။ ကံပေါက်။ သရက် ချောင်း။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြို၊ တီဇစ် ကျေးရွာများ။ မွန်၊ မော်လမြိုင်။ မိုးကောင်း။ ဖားကန့်မြို့ လုံးခင်းအုပ်စု စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများနှင့် ချီတက် ဆန္ဒဖော်ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ် – မဇ္ဈိမ

## နိုင်မယ့်ပွဲ

ငါ့အဘိုးတယောက်
စစ်ခိုးငွေ့အောက်
လမ်းတွေ ပျောက်ခဲ့။

ငါ့အဖေသက်တမ်း
စစ်လမ်းစစ်နံ့
ကျွန်သက်ရှည်ခဲ့။

ငါတို့ခေတ်မှာ
စစ်ကျွန်အဖြစ်
ဆက်ပြီး နံ့နစ်ခံမလား။

မျိုးဆက်တို့
တိုးထွက်ပြီးတော်လှန်
နွေဦးယံမှာ ပေါင်းစည်းခဲ့တယ်။

အိမ်တိုင်းမယ်
လူငယ်ရှိသလို
လူအများဟာ
ပြောက်ကျားစစ်သည်တွေပါပဲ။

ပြည်သူ့အချစ်ဟာ
တော်လှန်စစ်ရဲ့ အနိုင်ဖြစ်တယ်။
ပြည်သူ့အမုန်းနဲ့
စစ်မိစ္ဆာတို့ကျဆုံးစေမယ်။ ။

**လက်ျာဇ**




**အရေးတော်ပုံ မုချ အောင်ရမည်**